ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့၊ (4-1-2008) (၅၅၅၂)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော မစ္စ ဂုနလက်ရှ်မီးရှားမား (ဘီရှိုးကာရာမာ)သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စ ဂုနလက်ရှ်မီးရှားမား(ဘီရှိုးကာရာမာ)အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အဆိုပါသံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေးကို အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ် တညီတညွတ်တည်း ခံယူသတ်မှတ်ပြီး ရှေးရှုဆောင်ရွက်ချီတက်လျက်ရှိ နိုင်ငံနှင့်အဝန်း အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်လာစေရန် နေ့မအားညမနား ဆောင်ရွက်ဖြည့်ဆည်းပေးနေ အဘက်ဘက်မှ အားသွန်ခွန်စိုက်တည်ဆောက်နေမှုများသည် နိုင်ငံတော်သစ်အတွက် ခိုင်မာသောအုတ်မြစ် တည်ဆောက်ပေးနေခြင်းဖြစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဖြစ်သော ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပြည့်စုံသည့် ဤနေ့ထူးနေ့မြတ် မင်္ဂလာအခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့သည် များလှစွာသော အသက်၊ သွေး၊ ချွေးတို့ကို အရင်းအနှီးပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နယ်ချဲ့လက်တွင်းမှ ပြန်လည်ရယူနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်(၆၀)တင်းတင်း ပြည့်မြောက်ခဲ့ပြီ ဖြစ်ပေသည်။

သမိုင်းစဉ်တစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံလျက် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အေးအတူပူအမျှ ဉမကွဲသိုက်မပျက် အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုတို့ဖြင့် ချစ်ကြည်ရင်းနှီးစွာ မြန်မာနိုင်ငံအတွင်း ပူးပေါင်းနေထိုင်ခဲ့သည့် ခိုင်မြဲသော အစဉ်အလာကောင်း ရှိခဲ့ပြီးဖြစ်ကြသည်။ ထိုမြတ်နိုးဖွယ် အစဉ်အလာ၊ ထက်မြက်ကောင်းမြတ်သော စိတ်ဓာတ်များဖြင့် နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့အတွက် နိုင်ငံတော်ကို သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် ခေတ်အဆက်ဆက် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ဂုဏ်ယူစွာဖြင့် ရပ်တည်ခဲ့ကြသည်။

၁၉ ရာစုနှောင်းပိုင်းတွင် မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ ကျူးကျော်မှုကြောင့် ထီးကျိုးစည်ပေါက်ဖြစ်ကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာ လက်လွှတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရပေသည်။ သို့ရာတွင် မြန်မာတို့၏ မူလဗီဇလက္ခဏာများဖြစ်ကြသည့် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသည့်စိတ်ဓာတ်၊ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုး ကိုယ့်အချုပ်အခြာအာဏာ ကိုယ့်စာပေ ကိုယ့်ယဉ်ကျေးမှု ကိုယ့်ရိုးရာဓလေ့တို့ကို မြတ်နိုးတွယ်တာ တန်ဖိုးထားသည့်စိတ်ဓာတ်၊ ကိုယ့်အမျိုးသားရေး ဂုဏ်သိက္ခာကို အထိပါးမခံသည့် စိတ်ဓာတ်များကို ပိုင်ဆိုင်သူများဖြစ်ကြသည်နှင့်အညီ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့သည် အသက်သွေးချွေးတို့ကို အရင်းတည်လျက် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့ကြသဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ပေသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၄-၁-၂၀၀၈
(သောကြာနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လွတ်လပ်ရေး၏တန်ဖိုး ထာဝစဉ်မြတ်နိုးအလေးထား

၂၀၀၈ခုနှစ် ဇန်နဝါရီလ ၄ရက်(ယနေ့)သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်းနှီးရယူခဲ့ရသော သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်၍ အစဉ်ထာဝရ အလေးထားရသော နေ့ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးဘိုးဘွားတို့အစဉ်အဆက် ကိုယ့်ထီးကိုယ့်နန်းဖြင့် လွတ်လပ်စွာရပ်တည်လာခဲ့သော နိုင်ငံဖြစ်သည်။ ၁၉ ရာစုနှောင်းပိုင်းတွင် ကျူးကျော်သူ နယ်ချဲ့တို့၏ မတရားသိမ်းပိုက်ခဲ့မှုကြောင့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရသည်။

သို့သော် တိုင်းရင်းသားမျိုးချစ်ပုဂ္ဂိုလ်အပေါင်းက ထက်သန်သည့် ဇာတိမာန်၊ သူ့ကျွန်မခံလိုသည့်စိတ်ဓာတ်၊ နိုးကြားတက်ကြွသည့် ဖွဲ့လုံ့လအားမာန်အပြည့်အဝဖြင့် နယ်ချဲ့တို့အား တိုက်ပွဲဝင်ခဲ့ကြရာ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်လျက်ရှိနေပြီဖြစ်သည်။

မြန်မာပြည်သူအပေါင်းတို့သည် ခေတ်ပေါင်းများစွာ၊ နှစ်ပေါင်းများစွာဖြတ်သန်းကျော်လွှားခဲ့ရသော သမိုင်းခေတ် ရေစီးကြောင်းတွင် သူ့ကျွန်ဘဝ၏ ဖိနှိပ်ချုပ်ချယ်မှု အနှောင်အဖွဲ့များနှင့် လွတ်လပ်သော နိုင်ငံသားဘဝ ငြိမ်းချမ်းသာယာ လွတ်လပ်မှု အနှစ်သာရများကို တွေ့ကြုံခံစားခဲ့ကြရပြီးဖြစ်သည်။

မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် မိမိတိုင်းပြည်၊ မိမိလူမျိုးကို ချစ်မြတ်နိုးပြီး မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာ ဓလေ့စရိုက်ကို တန်ဖိုးထားထိန်းသိမ်းကြသူများဖြစ်သည်။ ဇာတိသွေး ဇာတိမာန် ထက်သန်ပြီး အမျိုးသားရေးဂုဏ်သိက္ခာကို အထိပါးမခံသည့် စိတ်ဓာတ်ရှိသူများ ဖြစ်ကြသည်။

လွတ်လပ်သော နိုင်ငံသားများအဖြစ် မွေးဖွားလာခဲ့ပြီး လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏ အရသာကို သိမြင်ခံစားနေကြရသော မျိုးဆက်သစ် လူငယ်လူရွယ်များအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ စွန့်လွှတ်စွန့်စား သည့်စိတ် အပြည့်အဝဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲစေရေး လက်တွဲကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းသည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပရိယတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နည်းလှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈)ကိုလည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၀၈)ကိုလည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၀၈)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၈)ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၀၈)ကိုလည်းကောင်း၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၀၈)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၀၈)ကိုလည်းကောင်း ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့(ယနေ့)တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်သုံးပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များတွင် ပြည်တွင်းမှ ၂၄ပါး၊ ပြည်ပမှ လေးပါး စုစုပေါင်း ၂၈ပါး၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်တစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ခုနစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များတွင် ပြည်တွင်းမှ ၄၄ပါး၊ ပြည်ပမှ တစ်ပါး၊ သီလရှင် လေးပါး စုစုပေါင်း ၄၉ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၅၂ပါး၊ သီလရှင် သုံးပါး စုစုပေါင်း ၅၅ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၅၉ပါး၊ သီလရှင်ခုနစ်ပါး စုစုပေါင်း ၆၆ပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ခြောက်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များတွင် ပြည်တွင်းမှ အပါး ၃၀၊ ပြည်ပမှလေးပါး စုစုပေါင်း ၃၄ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် အပါး ၃၀၊ သီလရှင်များတွင် ပြည်တွင်းမှသုံးပါး၊ ပြည်ပမှတစ်ပါး၊ လူပုဂ္ဂိုလ်များတွင် ပြည်တွင်းမှတစ်ဦး၊ ပြည်ပမှတစ်ဦး စုစုပေါင်း ၃၆ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ခြင်းခံရသော ဆရာတော် ၃၉ပါး၊ သီလရှင်နှစ်ပါး၊ လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၄၂ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကိုးပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၄ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ရှစ်ပါး၊ အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရဘွဲ့ ခြောက်ဦး၊ အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ ဘွဲ့ ခြောက်ဦး၊ သိရီသုဓမ္မမဏိဇောတဓရဘွဲ့ သုံးဦး၊ သိရီသုဓမ္မသိင်္ဂီ ဘွဲ့ ငါးဦး၊ သီဟသုဓမ္မ မဏိဇောတဓရဘွဲ့ သုံးဦး၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ နှစ်ဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့ ၂၄ဦး၊ သုဓမ္မသိင်္ဂီ ဘွဲ့ ၃၁ဦးတို့ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈)ဖြင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် သိပ္ပံပညာထူးချွန်တံဆိပ်(တတိယဆင့်)ကိုးဦး၊ ဝိဇ္ဇာပညာ ထူးချွန်တံဆိပ်(ဒုတိယဆင့်) ၁၂ဦး၊ ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (တတိယဆင့်)တစ်ဦး၊ ဆေးပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)နှစ်ဦး၊ ဆေးပညာထူးချွန်တံဆိပ်(တတိယဆင့်)ခုနစ်ဦး၊ နည်းပညာထူးချွန်တံဆိပ် (ပထမဆင့်) တစ်ဦး၊ နည်းပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ခြောက်ဦး၊ နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)နှစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်)တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ်(တတိယဆင့်) ၃၀ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်)သုံးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ၄၃ဦး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်) ၃၃ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) ၄၄ဦး၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်) ၁၅၃ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ၁၀၂ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ၈၇ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ၁၆၆ဦး၊ ရဲသီဟတံဆိပ်လေးဦး၊ ရဲသူရ တံဆိပ်လေးဦး၊ ရဲဗလတံဆိပ်နှစ်ဦး၊ ရဲကျော်စွာတံဆိပ်လေးဦး စုစုပေါင်း ၇၁၆ဦး။

အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၀၈)ဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၁၃၃၇ဦး။

အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၀၈)ဖြင့် စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၂၉၄၇ဦး။

အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၈)ဖြင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား ၁၃ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၅၂၃၇ဦး စုစုပေါင်း ၅၂၅၀ဦး။

အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၀၈)ဖြင့် ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၂၄ဦး။

အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၀၈)ဖြင့် နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၁၇၃ဦး။

အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၀၈)ဖြင့် ပြည်သူ့ဝန်ထမ်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစားနှစ်ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၁၄၈၀၁ ဦး စုစုပေါင်း ၁၄၈၀၃ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစားတစ်ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၂၅၁၂၂ဦး စုစုပေါင်း ၂၅၁၂၃ဦးတို့ ပါဝင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု ယဉ်ကျေးမှုဝန်ကြီးဌာန ရွှေမြန်မာအငြိမ့်ဖြင့် ကပြဖျော်ဖြေ

နေပြည်တော် ဇန်နဝါရီ ၃

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲ(ရန်ကုန်)၏ ရွှေမြန်မာအငြိမ့်အဖွဲ့ ကပြဖျော်ဖြေတင်ဆက်မှုများကို ယနေ့ည ၇နာရီတွင် နေပြည်တော် ဘော်လီဘောအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေမြန်မာအငြိမ့်အဖွဲ့ ရှာစားကျော်ဆန်းဝင်းဆိုင်းအဖွဲ့က ပဏာမ ဧည့်ခံတီးလုံးများဖြင့် ဖျော်ဖြေတင်ဆက်သည်။ ထို့နောက် ရွှေမြန်မာအငြိမ့်အဖွဲ့သားများက ဘုရားကန်တော့ခန်း၊ ပဒေသာ ယိမ်းအကများ၊ တေးသံသာများဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။ ယင်းနောက် ရေ့ထွက်မင်းသမီး ရွှေရည်ဝင်းက ဂီတစာဆို မလှိုင်သန်းထွန်း ရေးသားသီကုံးသော "မင်္ဂလာတေးကဗျာ"သီချင်းဖြင့်လည်းကောင်း၊ အလယ်ထွက် မင်းသမီး ဝိုင်းချစ်ချစ်အောင်က ရှာစားကျော်ဆန်းဝင်း ရေးသားသီကုံးသော "ပီတိရွှန်းမြ နှလုံးလှ"သီချင်းဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြပြီး လူရွှင်တော် မိုးယံ၊ ဝဿန်၊ စိုပြေနှင့် တိမ်ပြာတို့ကလည်း ပရိသတ်များအား ဟာသပြက်လုံးများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ ခေါင်းဆောင်မင်းသမီး သန္တာလင်းက ဂီတစာဆို မလှိုင်သန်းထွန်း ရေးစပ်သီကုံးသော "ကုန်းဘောင်အိပ်မက်" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ရာ ပရိသတ်များ စိတ်နှလုံးရွှင်လန်း ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေးကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အငြိမ့်အဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ဇန်နဝါရီ ၄ရက်နှင့် ၅ရက် ညများတွင် ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ဇန်နဝါရီ ၄ရက်တွင် "တင့်လှပေဟန်အငြိမ့်"အဖွဲ့ဖြင့်လည်းကောင်း၊ ဇန်နဝါရီ ၅ရက်ညတွင် "ရွှေမြန်မာအငြိမ့်"အဖွဲ့ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲ(ရန်ကုန်)၏ ရွှေမြန်မာအငြိမ့်အဖွဲ့ နေပြည်တော် ဘော်လီဘော အားကစားပြိုင်ကွင်း၌ ပြည်သူလူထုအား ကပြဖျော်ဖြေတင်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲနေပြီ

☆ ရှေ့ဖုံးမှ

မျက်မှောက်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကို အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်အဖြစ် တညီတညွတ်တည်း ခံယူသတ်မှတ်ပြီး ရှေးရှုဆောင်ရွက် ချီတက်လျက်ရှိပေသည်။ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေး အခြေခံအဆောက်အအုံများ တောင့်တင်းခိုင်မာလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရက ဦးစားပေးဖြည့်ဆည်း အကောင်အထည်ဖော်လျက်ရှိပေသည်။ နိုင်ငံနှင့်အဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် တစိုက်မတ်မတ် နေ့မအားညမနား ဆောင်ရွက်ဖြည့်ဆည်းပေးလျက် ရှိပေသည်။ နိုင်ငံတော်တစ်ဝန်းလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခု စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပေသည်။ ယင်းသို့ အဘက်ဘက်မှ အားသွန်ခွန်စိုက် တည်ဆောက်နေမှုများသည် နိုင်ငံတော်သစ်အတွက် ခိုင်မာသော အခြေခံအုတ်မြစ်ကို တည်ဆောက်ပေးနေခြင်းပင်ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကြေညာခဲ့ပြီးဖြစ်သည်နှင့်အညီ အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပေသည်။ အမျိုးသားညီလာခံကြီးက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို တညီတညွတ်တည်း အောင်မြင်စွာ ချမှတ်ခဲ့ပေသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရန်အတွက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အမျိုးသားညီလာခံက ချမှတ်ထားသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးအတွက် ထိုကော်မရှင်သည် ဆက်လက် အကောင်အထည်ဖော်နေပြီဖြစ်ပေသည်။

အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး မလွဲမသွေ တည်ဆောက်နိုင်မည်ဟူသော ခိုင်ကျည်မြဲမြံသည့် သန္နိဋ္ဌာန်ဖြင့်–

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး၊

(၃) အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး၊

(၄) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး

ဟူသော ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်ကို ကျွန်ုပ်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့သည် လေးလေးနက်နက် စွဲစွဲမြဲမြဲ ခိုင်ခိုင်မာမာခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အားမာန်ဖြင့် နိုးကြားတက်ကြွစွာ စွမ်းစွမ်းတမံ အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့မင်္ဂလာအခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ သဝဏ်လွှာများ ပေးပို့

ရန်ကုန် ဇန်နဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်သဝဏ်လွှာများ ပေးပို့လျက်ရှိသည်။

ကမ္ဘောဒီးယား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်နိုရိုဒွန်သီဟာမိုနီထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ထူးမြတ်သောအခါသမယတွင် အဆွေတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အား ဝမ်းမြောက်ဂုဏ်ယူကြောင်း ကျွန်ုပ်အနေဖြင့်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ပြည်သူများကိုယ်စားလည်းကောင်း၊ နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

နှစ်နိုင်ငံဆက်ဆံမှုနှင့် အာဆီယံအဖွဲ့အစည်း၏ ဆက်ဆံမှုဘောင်အတွင်း ကျွန်ုပ်တို့နှစ်နိုင်ငံ၏ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးစံပြုရမည့် အနေအထားတွင်ရှိပါကြောင်း၊ ကမ္ဘောဒီးယားနှင့် မြန်မာတို့၏ နှစ်နိုင်ငံဆက်ဆံရေးသည် မိတ်ဆွေရင်းချာချစ်ကြည်ရေးနှင့် အပြန်အလှန်လေးစားမှုအပေါ်တွင် အခြေခံသော ဆက်ဆံရေးမျိုးဖြစ်ကြောင်း၊ မြန်မာပြည်သူများ၏ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် ကမ္ဘောဒီးယားနိုင်ငံသည် အစဉ်သဖြင့် ထောက်ခံအားပေးလျက်ရှိကြောင်း ဖော်ပြထားသည်။

စင်ကာပူ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကျွန်ုပ်အနေဖြင့်လည်းကောင်း၊ စင်ကာပူနိုင်ငံ အစိုးရအဖွဲ့ ကိုယ်စားလည်းကောင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် ရှည်လျားသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးအစဉ်အလာရှိသော နိုင်ငံများဖြစ်ကြကြောင်း၊ ထို့အပြင် ကျွန်ုပ်တို့ နှစ်နိုင်ငံသည် နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို လက်တွဲ၍ ဆက်လက်အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဘရူနိုင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးထံသို့ ဘရူနိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မင်းသားမိုဟာမက်ဘိုလ်ကီးယားထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ကျွန်ုပ်အနေဖြင့် လှိုက်လှဲနွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

အာဆီယံအဖွဲ့အတွင်း ဆက်ဆံရေးတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံတန်ဖိုးထားသော ဆက်ဆံရေးများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားရေးအတွက် ဆန္ဒပြုကြောင်း ဖော်ပြထားသည်။

လာအို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လာအိုနိုင်ငံသမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်ထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယ၌ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မြန်မာပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေရန် လာအိုပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဆန္ဒပြုအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အခြေခံမူဘောင်နှင့်အညီ ဆက်ဆံရေး ခိုင်မာတိုးတက်လျက်ရှိကြောင်း၊ လာမည့်နှစ်များတွင်လည်း မိမိတို့နှစ်နိုင်ငံ ပြည်သူများ၏အကျိုးစီးပွားအလို့ငှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ရင်းနှီးချစ်ကြည်မှုသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ရရှိစေရေးအတွက် အထောက်အကူပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူ သဝဏ်လွှာများကို လာအိုဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်ကလည်း ပေးပို့သည်။

ထိုင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်ချူလာနွန်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်နှင့် မြန်မာပြည်သူများအား ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

(ကြေးမုံ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၃

၂၀၀၇ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုနှင့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပိုက်ကျော်ခြင်း အားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ အားကစားဝန်ကြီးဌာနအသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဇန်နဝါရီ ၄ရက် နံနက် ၉နာရီတွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၄။ မဟာဂီတချိုကြည်မြ
- **၄:၅၅** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၅:၂၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၃၅** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၃၀** ၁၁။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- **၆:၄၅** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ဒီလှိုင်းနှင့်အတူ အပိုင်း(၅)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ **"စေညွှန်ရာလမ်းမများ" တက္ကစီမင်းနှင့် မိုးကျရွှေကိုယ်**
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – နီလာလက်ကောက် (အပိုင်း–၂၅)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ် ၁/၂၀၀၈
၁၃၆၉ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ရက်
(၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ ၄ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထစုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ
သဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက်
ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၂။ ဘဒ္ဒန္တ ဩဘာသ
ကော့လှာပရိယတ္တိစာသင်တိုက်
ဒိုင်းဝန်ကွင်း၊ ရှမ်းစုရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃။ ဘဒ္ဒန္တ ကဝိသာရ
မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်
ရွာကောက်ရပ်၊ နေပြည်တော်ပျဉ်းမနား

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဣန္ဒာစာရ
မြို့ဦးကျောင်းတိုက်
မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တ ပညာသိရီ
ဇေယျသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက်
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၃။ ဘဒ္ဒန္တ ဥတ္တမဉာဏာဘိဝံသ
မိုးကောင်းကျောင်းတိုက်
ဗိုလ်အောင်ဇေယျရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်း

၄။ ဘဒ္ဒန္တ မဟောသဓပဏ္ဍိတ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၅။ ဘဒ္ဒန္တ နိမလ
ကျောက်ထုံးကြီးကျောင်း
ကျောက်ထုံးကြီးကျေးရွာ၊ ကသာမြို့နယ်၊ စစ်ကိုင်းတိုင်း

၆။ ဘဒ္ဒန္တ နာဂဝံသ
ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်
နဝင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၇။ ဘဒ္ဒန္တ ဝါယာမ
ကန်တော်ဦးကျောင်း
ရတနာပုံတိုက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၈။ ဘဒ္ဒန္တ နန္ဒဝံသ
မဟာဓမ္မိကာရာမကျောင်းတိုက်
အိုးဘိုရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်း

၉။ ဘဒ္ဒန္တ သာသန
ဓမ္မိကတောရစာသင်တိုက်၊ အထက်မင်းလှမြို့၊ မကွေးတိုင်း

၁၀။ ဘဒ္ဒန္တ ပညာသာမိ
မင်္ဂလာသာစည်ကျောင်းတိုက်၊ ချောက်မြို့၊ မကွေးတိုင်း

၁၁။ ဘဒ္ဒန္တ သာဂရာဘိဝံသ၊ မစိုးရိမ်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း

၁၂။ ဘဒ္ဒန္တ ဣသရာဘိဝံသ၊ ဝိသုဒ္ဓါရုံ ရေဦးပရိယတ္တိစာသင်တိုက်၊ ယဉ်တော်ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း

၁၃။ ဘဒ္ဒန္တ စက္ကိန္ဒ၊ တန်ဆောင်းကြီးကျောင်းတိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း

၁၄။ ဘဒ္ဒန္တ ပညာသာမိ၊ မူလကမ်းနားကျောင်းတိုက်၊ လမိုင်းမြို့၊ ရေးမြို့နယ်၊ မွန်ပြည်နယ်

၁၅။ ဘဒ္ဒန္တ နန္ဒောဘာသ၊ ပုဏ္ဏားတောင်ကျောင်းတိုက်၊ ရမ်းဗြဲမြို့၊ ရခိုင်ပြည်နယ်

၁၆။ ဘဒ္ဒန္တ ဝိသုဒ္ဓ၊ ဗားကရာတောရကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း

၁၇။ ဘဒ္ဒန္တ ကဝိဓဇ၊ ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၁၈။ ဘဒ္ဒန္တ ပညာသာမိ၊ မာဂဓီ-သာစည်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့ သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း

၁၉။ ဒေါက်တာဘဒ္ဒန္တ နေမိန္ဒ၊ သာသနဇောတိကပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း

၂၀။ ဘဒ္ဒန္တ ခေမာစာရ၊ ပုဇွန်တောင်ရွှေကျောင်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း

၂၁။ ဘဒ္ဒန္တ ဉာဏဝံသ၊ အောင်မင်္ဂလာကျောင်းတိုက်၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တ နာဂသေနာဘိဝံသ၊ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ မိုးမိတ်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

၂၃။ ဘဒ္ဒန္တ ရေဝတ၊ စံကင်းမင်္ဂလာမှန်ကျောင်းတိုက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်း

၂၄။ ဘဒ္ဒန္တ ကုမာရ၊ သဒ္ဓမ္မဝေဒဂူစာသင်တိုက်၊ ကညင်ချောင်းရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၂၅။ ဘဒ္ဒန္တ ဂဏနရတန နာယကထေရ်(Ven.Weligama Gnanaratane Nayake Thero)ဓမ္မရက္ခိတကျောင်းတိုက်၊ ရတ်မာလမြို့၊ သီရိလင်္ကာနိုင်ငံ

၂၆။ ဘဒ္ဒန္တ ဉာပနပေမသိရီထေရ် (Ven.Napana Pemasiri Thero) ဝိဇ္ဇာနန္ဒကျောင်းတိုက်၊ နိတ္တမ္ဘုဝမြို့၊ သီရိလင်္ကာနိုင်ငံ

၂၇။ ဘဒ္ဒန္တ သုမနနန္ဒိက (Ven.Phra Khru Thamma Thon Sumon Nandiko)ဝပ်ဂျယ်ဒေါင်ကျောင်းတိုက်၊ ပတ်ချောင်လမ်း၊ ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ

၂၈။ ဘဒ္ဒန္တ ဘောက်ခန်သီရိဘော (Ven.Bouakham SARIBOUTH) မဟာန္တ သေတုကရံ(ချောင်လောင်)ကျောင်းတိုက်၊ ချန်ထာဘူရီခရိုင်၊ ဗီယင်ကျန်းမြို့၊ လာအိုနိုင်ငံ

မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သာသန၊ မဟာမြိုင်ကျောင်းတိုက်၊ မဟာမြိုင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း

ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဝိသုတ၊ မဟာဗောဓိတောရကျောင်းတိုက်၊ ခင်မွန်ကျေးရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်း

၂။ ဘဒ္ဒန္တ ကုသလ၊ မင်းတဲဦးကျောင်းတိုက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်း

၃။ ဘဒ္ဒန္တ ဝိမလ၊ ကန်ဖျားမဟာစည်သာသနာ့ရိပ်သာ၊ ဝက်ထီးကန်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၄။ ဘဒ္ဒန္တ ပညာဝံသ၊ မိုးကုတ်ရိပ်သာကျောင်း၊ မဟာမင်းထင်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း

၅။ ဘဒ္ဒန္တ ဝိမလ၊ ရွှေတောင်ကျောင်းတိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၆။ ဘဒ္ဒန္တ သီလာစာရ၊ ရတနာလှိုင်မဟာစည်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း

၇။ ဘဒ္ဒန္တ ပညာသာရ၊ ပန်းတပွင့်တောင်သာသနာပြုတောရကျောင်းတိုက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ နာဂိန္ဒ၊ မြို့မကျောင်းတိုက်၊ (၄)ရပ်ကွက် ရွှေကူမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တ အာဒိစ္စဝံသ၊ သီရိမဏ္ဍိုင်စာသင်တိုက်၊ (၅)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တ ဝိဿုတ၊ ပခန်းကျောင်းတိုက်၊(၂) ရပ်ကွက်၊ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း

၄။ ဘဒ္ဒန္တ ဉာဏဝရ၊ ဝိပဿနာမဟာဂန္ဓာရုံကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၅။ ဘဒ္ဒန္တ ပဏ္ဍိတ၊ မြို့မပရိယတ္တိစာသင်တိုက်၊ အင်းတော်မြို့၊ စစ်ကိုင်းတိုင်း

၆။ ဘဒ္ဒန္တ ဝိစိတ္တသာရ၊ ဓမ္မပါလပရိယတ္တိစာသင်တိုက်၊ (၉)ရပ်ကွက်၊ ကသာမြို့၊ စစ်ကိုင်းတိုင်း

၇။ ဘဒ္ဒန္တ အင်္ကုရ၊ သာသနာ့စံပြကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၈။ ဘဒ္ဒန္တ ပညာဝံသ၊ ရန်ကင်းပရိယတ္တိစာသင်တိုက်၊ ရန်ကင်းရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၉။ ဘဒ္ဒန္တ ဣန္ဒာဝုဓ၊ သီတဂူပရိယတ္တိစာသင်တိုက်၊ အမှတ် (၈)ရပ်ကွက် ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း

၁၀။ ဒေါက်တာဘဒ္ဒန္တ ဩသဓသာရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၁၁။ ဘဒ္ဒန္တ ကဝိသာရာလင်္ကာရ၊ ဘုရားငါးဆူစာသင်တိုက်၊ ကန်ဖျားရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း

၁၂။ ဘဒ္ဒန္တ ဝိပုလ၊ ဦးဆင်ကြီးကျောင်းတိုက်၊ မြို့မ (၁) ရပ်ကွက်၊ ပြွန်တန်ဆာမြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း

၁၃။ ဘဒ္ဒန္တ ဇယန္တ၊ မြို့မပရိယတ္တိစာသင်တိုက်၊ အောက်စုရပ်၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း

၁၄။ ဘဒ္ဒန္တ သုဇန၊ သာသနာ့ဇောတိကကျောင်းတိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း

၁၅။ ဘဒ္ဒန္တ သောမာစာရ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ ရွာဘဲနယ်မြေ၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၁၆။ ဘဒ္ဒန္တ ကုဏ္ဍလ၊ ရွှေစေတီကျောင်းတိုက်၊ အလယ်ပိုင်းရပ်ကွက်၊ ပွင့်ဖြူမြို့၊ မကွေးတိုင်း

၁၇။ ဘဒ္ဒန္တ ဉာဏ၊ မြို့ရှေ့ပရိယတ္တိစာသင်တိုက်၊ မြို့မရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း

၁၈။ ဘဒ္ဒန္တ ရေဝတ၊ မြို့ဦးပရိယတ္တိစာသင်တိုက်၊ မြို့မအရှေ့ရပ်ကွက်၊ မြစ်သားမြို့၊ မန္တလေးတိုင်း

၁၉။ ဘဒ္ဒန္တ ပညာဇောတ၊ ကိုးတောင်ပြည့်ကျောင်းတိုက်၊ (၃)ရပ်ကွက်၊ သဲတောမြို့၊ ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်း

၂၀။ ဘဒ္ဒန္တ မာဃိန္ဒ၊ ဟံသာဝတီစာသင်တိုက်၊ အမှတ် (၂)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း

၂၁။ ဘဒ္ဒန္တ သူရိယ၊ ပါဠိတက္ကသိုလ်ဉယျာဉ်ပရိယတ္တိစာသင်တိုက်၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း

၂၂။ ဘဒ္ဒန္တ ကုဏ္ဍလ၊ အလယ်တိုက်ကြီးကျောင်း၊ ချမ်းသာကြီးတောင်တိုက်၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

၂၃။ ဘဒ္ဒန္တ ပညာသာမိ၊ တောင်ဆင်တဲကျောင်းတိုက်၊ တမ္ပဝတီရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း

၂၄။ ဘဒ္ဒန္တ ဥတ္တရ၊ ဆင်ဖြူမယ်ကျောင်းတိုက်၊ မှန်တန်းရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း

၂၅။ ဘဒ္ဒန္တ ကေသရ၊ သာသနာ့ ဝေပုလ္လပါဠိတက္ကသိုလ် ကျောင်းတိုက်၊ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း

၂၆။ ဘဒ္ဒန္တ ဗုဒ္ဓပ္ပိယ၊ မဏိကာရုံစာသင်တိုက်၊ အမှတ်(၂) ရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း

၂၇။ ဘဒ္ဒန္တ ဥတ္တရ၊ မဟာဝိဟာရပရိယတ္တိ စာသင်တိုက်၊ တရနာကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်

၂၈။ ဘဒ္ဒန္တ ပဏ္ဏဝ၊ ဘုရားကြီးကျောင်းတိုက်၊ စေတီတောင်ရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်

၂၉။ ဘဒ္ဒန္တ သောမ၊ ဓမ္မသုခကျောင်းတိုက်၊ ကျောင်းတက်လမ်းရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်၊

၃၀။ ဘဒ္ဒန္တ စက္ကိန္ဒ၊ရတနာသိင်္ဂီ (ခရမ်း) ကျောင်းတိုက်၊ နှင်းဆီကုန်းရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၁။ ဘဒ္ဒန္တ ဇာဂရ၊ ဇေယျဝတီစာသင်တိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၂။ ဘဒ္ဒန္တ ဉာဏ၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၃။ ဘဒ္ဒန္တ စန္ဒဇောတိ၊ မစိုးရိမ်ပရိယတ္တိစာသင်တိုက်၊ ကံကြီးမကျီးရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၄။ ဘဒ္ဒန္တ အဂ္ဂဉာဏ၊ ရွှေလှိုင်အုတ်ကျောင်း၊ ကျောင်းကြီးတိုက်၊ အိုးဘိုရပ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း

၃၅။ ဘဒ္ဒန္တ အဂ္ဂသာမိ၊ တိပိဋကာလင်္ကာရ ပရိယတ္တိစာသင်တိုက်၊ (၁၀)တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း

၃၆။ ဘဒ္ဒန္တ မေတ္တေယျ၊ ဝိဇ္ဇောတာရုံစာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၇။ ဘဒ္ဒန္တ ဂုဏာလင်္ကာရ၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၈။ ဘဒ္ဒန္တ ဝိရောစန၊ မဟာသုခါရာမ ပရိယတ္တိစာသင်တိုက်၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၉။ ဘဒ္ဒန္တ ကဝိဓဇ၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၄၀။ ဘဒ္ဒန္တ ဝိဇယ၊ ဝေဠုဝန်ပရိယတ္တိ စာသင်တိုက်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၄၁။ ဘဒ္ဒန္တ ဥတ္တမ၊ ဇမ္ဗူအေးစေတီတပ်ဦးကျောင်းတိုက်၊ (၁၂)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

၄၂။ ဘဒ္ဒန္တ သံဝရာဘိဝံသ၊ ရွှေရေးဆောင် ပရိယတ္တိစာသင်တိုက်၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်း

၄၃။ ဘဒ္ဒန္တ ကောမလ၊ တောင်ညိုကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း

၄၄။ ဘဒ္ဒန္တ ဇုတိန္ဓိယ၊ ပဇ္ဇောတာရုံပါဠိ တက္ကသိုလ်ကျောင်းတိုက်၊ ညောင်လေးပင်ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်း

ပြည်ပဘွဲ့ခံ ဆရာတော်

၄၅။ ဒေါက်တာ ဘဒ္ဒန္တ သီလက္ခန္ဓထေရ် (Ven. Dr. Thumbulle Seelakkhandha Thero) ဗုဒ္ဓဘာသာနှင့် ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကိုလံဘိုမြို့၊ သီရိလင်္ကာနိုင်ငံ

သီလရှင်ဆရာကြီးများ

၄၆။ ဒေါ်ဟေမာရီ၊ သာသနမဥ္ဇူ ယင်းမာမြိုင်သီလရှင်စာသင်တိုက်၊ ချမ်းမြသာစည်ရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၄၇။ ဒေါ်စန္ဒာရီ၊ တေဘာတိကာရာမသီလရှင်ကျောင်းတိုက်၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း

၄၈။ ဒေါ်မိတ္တာထေရီ၊ ဓမ္မဝိဟာရီ ပရိယတ္တိစာသင်တိုက်၊ မဟာဇေယျာဘုံရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

၄၉။ ဒေါ်ကေသာရီ၊ သာသနမဥ္ဇူရီ သီလရှင်စာသင်တိုက်၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ရာဇိန္ဒ၊ ဗလမင်းထင်ကျောင်းတိုက်၊ စက်မှုဇုန်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တ တေဇနိယ၊ ကျောက်ကြီးပရိယတ္တိစာသင်တိုက်၊ ကျောက်ကြီးကျေးရွာ၊ ရွှေကူမြို့၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တ ခေမိန္ဒ၊ ပုဗ္ဗာရုံ ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၄။ ဘဒ္ဒန္တ ဝိသုဒ္ဓါစာရ၊ မြို့မပရိယတ္တိစာသင်တိုက်၊ (ခ) ရပ်ကွက်၊ လှိုင်းဘွဲမြို့၊ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တ စန္ဒိမာ၊ ပရိယတ္တိကမ်းနားကျောင်းတိုက်၊ ကျုံဖဲကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်

စာမျက်နှာ ၅ ကော်လံ ၁ သို့

(၁) စာမျက်နှာ ၄ မှအဆက်

၆။ ဘဒ္ဒန္တ ဝဏ္ဏိသရ၊ ပရိယတ္တိ သဒ္ဓမ္မဝါစီမင်းကျောင်းတိုက်၊ ကြာအင်းဆိပ်ကြီးမြို့၊ ကရင်ပြည်နယ်

၇။ ဘဒ္ဒန္တ ကဝိန္ဒ၊ မဟာသိမ်တော်ကျောင်း ပရိယတ္တိစာသင်တိုက်၊ ဒါးဝယ်ဈေးရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၈။ ဘဒ္ဒန္တ မေဓိယ၊ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၉။ ဘဒ္ဒန္တ ကာရဏိက၊ ဇိနောဒယပရိယတ္တိစာသင်တိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၁၀။ ဘဒ္ဒန္တ ဓမ္မာစာရ၊ ဒက္ခိဏာရာမအလယ်ကျောင်းတိုက်၊ စက်ရုံလယ်ပြင်ရပ်ကွက်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်း

၁၁။ ဘဒ္ဒန္တ သူရိယ၊ သဒ္ဓမ္မနန္ဒပရိယတ္တိကျောင်းတိုက်၊ မင်းကြိုင်းရွာ၊ ပင်လည်ဘူးမြို့နယ်၊ စစ်ကိုင်းတိုင်း

၁၂။ ဒေါက်တာဘဒ္ဒန္တ စန္ဒာသိရီ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၁၃။ ဘဒ္ဒန္တ ဇောတိပါလာလင်္ကာရ၊ ပဇ္ဇောတာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၁၄။ ဘဒ္ဒန္တ ပညာနန္ဒ၊ သဒ္ဓမ္မသီတဂူကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၁၅။ ဘဒ္ဒန္တ ဝါယာမ၊ အရှေ့ကျောင်းတိုက်၊ ပုလောမြို့၊ တနင်္သာရီတိုင်း

၁၆။ ဘဒ္ဒန္တ ကေသဝ၊ ဘုရားငါးဆူစာသင်တိုက်၊ ကန်ဖျားရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း

၁၇။ ဘဒ္ဒန္တ နန္ဒိယ၊ သုခိတာရာမ ပရိယတ္တိစာသင်တိုက်၊ တောကြီးကျေးရွာ၊ ဝေါမြို့နယ်၊ ပဲခူးတိုင်း

၁၈။ ဘဒ္ဒန္တ စန္ဒောဘာသ၊ ဓမ္မရက္ခိတ ပရိယတ္တိစာသင်တိုက်၊ စက်ကုန်းပိုင်းရပ်ကွက်၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း

၁၉။ ဘဒ္ဒန္တ ပဝရ၊ ခင်တန်းကျောင်းပရိယတ္တိစာသင်တိုက်၊ မြို့မ (၅) ရပ်ကွက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်း

၂၀။ ဘဒ္ဒန္တ ဝိသုဒ္ဓသိရီ၊ ကျောက်တွင်းကုန်းသိပ္ပံစာသင်တိုက်၊ မြို့သစ်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း

၂၁။ ဘဒ္ဒန္တ ဉာဏိန္ဒ၊ ဒက္ခိဏာရုံစာသင်တိုက်၊ ဖြူးအရှေ့အုပ်စု၊ ဖြူးမြို့၊ ပဲခူးတိုင်း

၂၂။ ဘဒ္ဒန္တ နိမ္မလ၊စိတ္တသုခပရိယတ္တိစာသင်တိုက်၊ကျွဲပွဲမြို့၊ အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်း

၂၃။ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒ၊ ကန်ကလေးတောရ၊ ရွှေကျင်ကျောင်းတိုက်၊ အုတ်တွင်းမြို့၊ ပဲခူးတိုင်း

၂၄။ ဘဒ္ဒန္တ ဧက၊ ပညာဇောတာရုံကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပေါက်ခေါင်းမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၂၅။ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ မဟာဂန္ဓဝင်ကျောင်းတိုက်၊ အုန်းတောရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၂၆။ ဘဒ္ဒန္တ စိတ္တရ၊ ရွှေတောင်ပါဠိ တက္ကသိုလ် ကျောင်းတိုက်၊ အိုးဘိုရပ်၊ ရေနံချောင်းမြို့၊ မကွေးတိုင်း

၂၇။ ဘဒ္ဒန္တ ကေလာသ၊ ဓီးတော်ပင် အရှေ့ကျောင်းတိုက်၊ ဓီးတော်ပင်ကျေးရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း

၂၈။ ဘဒ္ဒန္တ တေဇနိယာဘိဝံသ၊ ပုဂံရင်သွေးရွှေမြနန္ဒာကျောင်း၊ တံခွန်တိုင်မြောက်ဥယျာဉ်ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း

၂၉။ ဘဒ္ဒန္တ ပုည၊ မြစ်ဆုံကြီးစာသင်တိုက်၊ ကူမဲမြို့၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်း

၃၀။ ဘဒ္ဒန္တ ဝိလာသ၊ ကန်ဦးပရိယတ္တိစာသင်တိုက်၊ ရေဆင်း၊ နေပြည်တော်ပျဉ်းမနား

၃၁။ ဘဒ္ဒန္တ ကုမာရ၊ သရက်တောပရိယတ္တိစာသင်တိုက်၊ အေလာမြို့၊ နေပြည်တော်လယ်ဝေး

၃၂။ ဘဒ္ဒန္တ သောဘိတ၊ ပဠမကျော်ဓမ္မာစရိယတိုက်သစ်၊ ဝန်ဇင်းရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း

၃၃။ ဘဒ္ဒန္တ စန္ဒောဘာသ၊ ဇောတိကာရုံကျောင်းတိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃၄။ ဘဒ္ဒန္တ သီဟရာဇာ၊ ပုပ္ဖာရာမ ပေါ်တော်မူစာသင်တိုက်၊ မြို့မ(၁) ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်

၃၅။ ဘဒ္ဒန္တ ကောဝိဒ၊ ငြိမ်းချမ်းရိပ်မြုံ ဓမ္မာစရိယ သင်တန်းကျောင်း၊ ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်

၃၆။ ဘဒ္ဒန္တ ဝါယမ၊ သုခကာရီပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃၇။ ဘဒ္ဒန္တ ဝိဇယ၊ ဓမ္မနိမ္မိတာရုံစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ရမ်းဗြဲမြို့၊ ရခိုင်ပြည်နယ်

၃၈။ ဘဒ္ဒန္တ အရိယဝံသ၊ ဓမ္မရက္ခိတ ပရိယတ္တိစာသင်တိုက်၊ ညောင်ချောင်းကျေးရွာ၊ ဂွမြို့နယ်၊ ရခိုင်ပြည်နယ်

၃၉။ ဘဒ္ဒန္တ သုဇာတာလင်္ကာရ၊ သာသနာ့ပါရဂူစာသင်တိုက်၊ ၁ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း

ကျောင်းသူ၊ ကျောင်းသား လူငယ်များကို သိမှုနယ်ပယ်၊ ခံစားမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ် အသီးသီးကြပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွင်း

၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြခန်းများကို ကျောင်းသား၊ ကျောင်းသူများ လေ့လာကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ဒသမတန်း

လက်ခံတွေ့ဆုံ

ဇန်နဝါရီ ၃ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး ဒါတိုမက်ဇ်လန် ဘင်မိုဟာမက်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုင်းထောင်ခမ်းနှင့် ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းထက်အောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ဆုရ ကျောင်းသားကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မှတ်တမ်းဓာတ်ပုံရိုက်

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နိုင်ငံတကာနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပေးအပ်ပြီး ရွှေတံဆိပ်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နိုင်ငံတကာနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသည့် ပြည်နယ်နှင့် တိုင်းများမှ အခြေခံပညာအထက်တန်းကျောင်း ၁၇ ကျောင်းတို့အတွက် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

သီဆိုဂုဏ်ပြု

ထို့နောက် နေပြည်တော်ပျဉ်းမနား အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံဆင်နွှဲဆုနှင်းပွဲ" သီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ခေတ္တရပ်နားသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆု ရရှိကြသည့် ပြည်နယ်နှင့် တိုင်းများရှိကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၆ ဦးတို့အား ထူးချွန်ဆုများကို လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က မြန်မာနှင့် နိုင်ငံတကာ လူမှုဆက်ဆံရေးထုံးဓလေ့ တတ်ကျွမ်းမှု ပြိုင်ပွဲတွင်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးတို့အား ဆုများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က နိုင်ငံတကာပန်းချီပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းက ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးစီမံချက်အရ ထူးခြားသည့် ကျောင်းသားကျောင်းသူ ငါးဦးတို့အား ဆုများကိုလည်းကောင်း ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရုပ်သိမ်း

ထို့နောက် နေပြည်တော်ပျဉ်းမနား အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ဓာတိမာန်"သီချင်းဖြင့် သီဆိုဂုဏ်ပြုပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဆက်လက်၍ ထူးချွန်ဆုချီးမြှင့်ပွဲ အစီအစဉ် ဒုတိယပိုင်းကို နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စုံညီပွဲတော်တို့နွဲ့ပျော်" သီချင်းဖြင့် သီဆိုဂုဏ်ပြုသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသည့် ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာ အထက်တန်းကျောင်း ၁၇ ကျောင်းတို့အတွက် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား ထူးချွန်ဆုများ ပေးအပ်စဉ်။ (သတင်းစဉ်)

သံအမတ်ခန့်အပ်လွှာပေးအပ်

ဇန်နဝါရီ ၃ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စ ဂုနလက်ရှ်မီးရှားမား (ဘီရှီးကာရာမာ) နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

မင်္ဂလာဒုံတပ်မတော် ကလေးများကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (မင်္ဂလာဒုံတပ်မတော် ကလေးများကျောင်း)မှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ ညှိနှိုင်းဆွေးနွေးကြရန်နှင့် ငွေပဒေသာပင်စာရင်း ရှင်းလင်းခြင်းတို့ကိုလည်းကောင်း၊ အဖွဲ့အစည်းသစ် ပြန်လည်ဖွဲ့စည်းခြင်းကိုလည်းကောင်း ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ အစည်းအဝေး ကျင်းပမည်ဖြစ်သဖြင့် မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးအောင်ရွှေ၊ ဒေါ်မြင့်မေ ဖုန်း-၆၂၀၅၅၁၊ ဦးခင်မောင်ရင် ဖုန်း-၅၆၀၅၂၄၊ ဗိုလ်မှူးအုန်းသောင်(ငြိမ်း) ဖုန်း-၆၃၅၃၉၆၊ ဦးအေးကို ဖုန်း-၆၀၀၀၉၃နှင့် ဆရာမကြီးဒေါ်မြင့်မြင့်ဌေး ဖုန်း-၆၃၅၀၁၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (က-ပ)

အထက(၁) ဒဂုံ ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။ ပညာရေးစုံညီပွဲတော်သို့ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့်ဇနီး၊ ဒဂုံမြို့နယ်ပညာရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း အမှုဆောင်အဖွဲ့၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဘူးသီးကြော်ဆိုင်၊ ကာရာအိုကေပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးသည်။ ထို့နောက် ကွန်ပျူတာ ပန်းချီပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ကာ ပဒေသာကပွဲကို ကြည့်ရှုသည်။ (ပညာရေး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၀၈(သောကြာနေ့)

နံနက်ပိုင်း

၆း၄၅ ၁။ **၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
၈း၃၀ ၂။ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု အစီအစဉ်
၈း၄၅ ၃။ International News.
၉း၀၀ ၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Demonstration Exercise Correct Pronunciation.
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၂၀ ၆။ မြန်မာစာ၊မြန်မာစကား
၅း၃၀ ၇။ **"နောက်မကျရအောင်" (မင်းသူ၊ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့်) [ဒါရိုက်တာ-ကြည်စိုး]**
၅း၄၀ ၈။ နှောင်းခေတ်တေးပဒေသာ
၅း၅၀ ၉။ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင်ရွှေညာဏ်ရှင်
၇း၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး တတိယချစ်ပုံပြင်" (အပိုင်း-၃၃)**
၇း၄၅ ၁၄။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု (သမိုင်းမော်ကွန်းထွန်းသစ်ဝေဖြာ ပြည်မြန်မာ)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ" (အပိုင်း-၁၆)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ချက်နိုင်ငံ အနောက်ပိုင်း ပလာဇန်အရပ်တွင် မြစ်တွင်း၌ နှစ်သစ်ကူးပွဲ ပျော်ရွှင်စွာ ဆင်နွှဲနေသူတစ်စုကို ဇန်နဝါရီ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ ဘူတိုလုပ်ကြံမှု ဓာတ်ပုံများထုတ်ပြန် ဖမ်းမိစေရန် သတင်းပေးသူကို ဆုချီးမြှင့်မည်ဟုဆို

အစ္စလမ္မာဘတ် ဇန်နဝါရီ ၃

ပါကစ္စတန်နိုင်ငံ၏ နိုင်ငံရေးအတိုက်အခံပါတီခေါင်းဆောင် ဘနာဇီယာဘူတိုအားလုပ်ကြံမှုနှင့် ပတ်သက်ဆက်နွှယ်နေသည့် မှတ်တမ်းဓာတ်ပုံများကို သက်ဆိုင်ရာအာဏာပိုင်များက ဇန်နဝါရီ ၂ရက်တွင် ထုတ်ပြန်သည်။

ထို့အပြင် ယင်းဓာတ်ပုံတွင် ပါဝင်သူမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ပေးနိုင်မည့် သတင်းပေးသူကိုလည်း ဆုကြေးငွေပေးမည်ဖြစ်ကြောင်း တစ်ဆက်တည်းကြေညာထားသည်။အာဏာပိုင်များကထုတ်ပြန် သောဓာတ်ပုံတွင် ဘနာဇီယာဘူတို လုပ်ကြံခံရသော နေရာအနီး လူအုပ်အကြားတွင် ရပ်နေသော လူနှစ်ဦး၏ဓာတ်ပုံလည်း ပါရှိသည်။

ယင်းလူနှစ်ဦးအနက် ရှေ့ပိုင်းမှ ရပ်နေသူမှာ လူရွယ်ဖြစ်ပြီး အင်္ကျီအဖြူနှင့် ဝေ့စကုတ်အနက်ကို ဝတ်ဆင်ထားသူဖြစ်ကြောင်း တွေ့ရသည်။ နောက်တစ်ဦးမှာ ပစ္စတိုသေနတ်ဖြင့် ဘူတိုရှိရာသို့ လှမ်းပစ်နေသည်ကို ဖော်ပြထားသည်။

၎င်းမှာ အသက်ကြီးပိုင်းဖြစ်ပြီး ခေါင်းတွင်ခေါင်းပေါင်းအဖြူကို ပေါင်းထားသည်ကိုတွေ့ရပြီး ၎င်းကို ဗုံးခွဲသူအဖြစ် ယူဆကြသည်။ လုပ်ကြံသူများအား ဖမ်းမိစေရန် သတင်းပေးနိုင်သူကို ရူပီးငွေ ၁၀သန်း (အမေရိကန် ဒေါ်လာ ၁၆၄၀၀၀) ဆုချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲ ၃၀သေဆုံးပြီး ၃၉ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း ဇိုင်ယူနတ်ရပ်ကွက်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ကားဗုံးဖြင့် တိုက်ခိုက်ခံရပြီး သေဆုံးခဲ့သည့် အီရတ်စစ်ဘက်အရာရှိတစ်ဦး၏ ဈာပန ပြုလုပ်စဉ် ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းတွင် အသေခံဗုံးဖောက်ခွဲမှုကြောင့် အနည်းဆုံး ၃၀ သေဆုံးပြီး ၃၉ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံသားများ သေဆုံးမှုမြင့်မားလာခဲ့ပြီး ဒီဇင်ဘာလ၌ အီရတ်နိုင်ငံအတွင်း သေဆုံးသူ ၁၁၅၃ဦးရှိရာ ဘဂ္ဂဒက်မြို့တစ်မြို့တည်း၌ ၂၄၄ဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘူတိုအား လုပ်ကြံမှုနောက်ကွယ်တွင် အယ်လ်ခိုင်ဒါ ပါဝင်ဟုဆို

အစ္စလမ္မာဘတ် ဇန်နဝါရီ ၃

ပါကစ္စတန်နိုင်ငံ၏ အတိုက်အခံပါတီခေါင်းဆောင် ဘနာဇီယာဘူတိုအား လုပ်ကြံမှုတွင် နောက်ကွယ်မှပါဝင်နေသူများသည် အယ်လ်ခိုင်ဒါအဖွဲ့၏ အဆက်အနွှယ်များဖြစ်သည်မှာ သေချာသည်ဟု ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်ဖ်က ဇန်နဝါရီ ၂ရက်တွင် ထုတ်ဖော်ပြောကြားသည်။

နိုင်ငံတွင်း၌ဖြစ်ပေါ်သော လုံခြုံရေးအဖွဲ့ဝင်များနှင့် နိုင်ငံရေးသမားများအား တိုက်ခိုက်မှုများ အပါအဝင် အားလုံးသောတိုက်ခိုက်မှုများသည် အယ်လ်ခိုင်ဒါနှင့်ပတ်သက်နေသော စစ်သွေးကြွများ၏လက်ရာမကင်းကြောင်း မူရှာရက်ဖ်က ဆက်လက်ပြောကြားသည်။

သမ္မတမူရှာရက်ဖ်က ရုပ်မြင်သံကြားမှတစ်ဆင့် နိုင်ငံသို့မိန့်ခွန်းပြောကြားရာ၌အထက်ပါအတိုင်း ထည့်သွင်းပြောကြားသွားသည်။

အမ်အင်အေ၊ရိုက်တာ။

ယာဉ်အိုယာဉ်ဟောင်းများ မောင်းနှင်ခွင့် ဗီယက်နမ်၌ ပိတ်ပင်

ဟနွိုင်း ဇန်နဝါရီ ၂

ဗီယက်နမ်နိုင်ငံ၌ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ သုံးဘီးနှင့် လေးဘီး ယာဉ်ဟောင်းများ မောင်းနှင်ခွင့်ကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်လိုက်သည့်အတွက် အငှားယာဉ်မောင်း ထောင်ပေါင်းများစွာသည် အလုပ်လက်မဲ့ဖြစ်ကြရမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဒီဇင်ဘာ ၃၁ ရက်တွင် ဖော်ပြသည်။ ဗီယက်နမ်အစိုးရသည် ယာဉ်များ ပိတ်ဆို့မှုကို လျှော့ပါးစေရေးအတွက် ရည်ရွယ်၍ ယိုယွင်းနေသည့် ထရပ်ကားဟောင်းများနှင့် ခရီးသည်တင်ကားများကို မောင်းနှင်ခွင့် ပိတ်ပင်မည့်အပြင် လိုင်စင်မရှိသည့် ကားများနှင့် ကိုယ်ပိုင်ဆင်ထားသည့် သုံးဘီးနှင့် လေးဘီး ယာဉ်များကိုလည်း မောင်းနှင်ခွင့် ပိတ်မည်ဖြစ်သည်။ ယိုယွင်းနေသည့် ယာဉ်များသည် လမ်းများပေါ်၌ မမောင်းသင့်ဟု သတင်း၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟိုက်ဒရပ်ဂျင် အက်သနောလောင်စာဖြင့် ကားစမ်းသပ်မောင်းနှင်မှု တရုတ်၌ အောင်မြင်

ပေကျင်း ဇန်နဝါရီ ၂

တရုတ်နိုင်ငံတွင် အကြီးစားကားထုတ်လုပ်ရေး ကုမ္ပဏီစာရင်းတွင် ပါဝင်သည့် ဒေါင်ဖန်ကားထုတ်လုပ်ရေး ကော်ပိုရေးရှင်းသည် ဟိုက်ဒရပ်ဂျင် အက်သနောလောင်စာဖြင့် စမ်းသပ်မောင်းနှင်ရာ အောင်မြင်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

နည်းပညာသစ် အသုံးပြုထားသဖြင့် ဟိုက်ဒရပ်ဂျင် အက်သနောမှ မီးလောင်လွယ်သည့်ဓာတ်ငွေ့ ဟိုက်ဒရိုဂျင်ကို ထုတ်ယူသည့်အတွက် ကားအင်ဂျင်စက်ကို မောင်းနှင်နိုင်ခြင်းဖြစ်သည်။ ဟိုက်ဒရပ်ဂျင် အက်သနောတွင် အက်သနော ၆၅ ရာခိုင်နှုန်း ပါဝင်သည်။ လက်ရှိ အက်သနောလောင်စာသုံး ယာဉ်များတွင် ဓာတ်ဆီနှင့်အက်သနောကို လိုအပ်သလို ရောစပ်၍ အသုံးပြုရသည်။ ကားမောင်းနှင်ရန် သန့်စင်အက်သနောလောင်စာ လိုအပ်သည်ဟု တရုတ်ကားထုတ်လုပ်ရေးအဖွဲ့က ပြောကြားသည်။

အက်သနော ၆၅ရာခိုင်နှုန်း ပါသောလောင်စာကို သုံးစွဲခြင်းသည် သန့်စင်အက်သနောကို သုံးစွဲမှုနှင့် နှိုင်းယှဉ်လျှင် စွမ်းအင် ၆၀ ရာခိုင်နှုန်း ပိုမိုချွေတာနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ရိုးရိုးအက်သနောကို သုံးစွဲခြင်းသည် အထူးဖန်တီးထားသည့် ကားအင်ဂျင်စက်ကိုအသုံးပြုမှသာ မောင်းနှင်နိုင်သည်။ ဟိုက်ဒရပ်ဂျင်အက်သနောကို အသုံးပြုပါက အင်ဂျင်အသစ် မလိုဘဲ လက်ရှိအင်ဂျင်တွင် ကိရိယာတစ်မျိုး ထပ်မံ၍တပ်ဆင်ရန် သာလိုအပ်သည်။ ထိုသို့သော အားသာချက်ကြောင့် ဟိုက်ဒရပ်ဂျင် အက်သနော လောင်စာသုံးကားကို သုံးစွဲသူများ ကြိုက်နှစ်သက်ကြမည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါနာဟိုတယ်တွင် အမေရိကန်ရေတပ်သားနှစ်ဦးသေဆုံး

ဒါကာ ဇန်နဝါရီ ၂

အနောက်အာဖရိက ဂါနာနိုင်ငံရှိ ဟိုတယ်အခန်းအတွင်း၌ ဇန်နဝါရီ ၁ ရက်က သေဆုံးနေသော အမေရိကန်ရေတပ်သားနှစ်ဦးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

သေဆုံးရခြင်း၏အကြောင်းရင်းကို မသိရသေးကြောင်း၊ အမေရိကန်ရေတပ်တာဝန်ရှိသူများနှင့် ဂါနာအာဏာပိုင်များ ပူးပေါင်း၍ စုံစမ်းစစ်ဆေးနေကြောင်း ရေတပ်က ပြောကြားသည်။ ရေတပ်သားနှစ်ဦးသည် ဖို့ဒ်မက်ဟင်နရီသင်္ဘောတွင် တာဝန်ထမ်းဆောင်နေပြီး အနောက်အာဖရိကရှိ အမေရိကန်ရေတပ်၏ ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ဂါနာနိုင်ငံ ဆိပ်ကမ်းသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ဖို့ဒ်မက်ဟင်နရီသင်္ဘောသည် ပေ ၆၀၀ (၁၈၅ မီတာ)ရှည်လျားပြီး ဗာဂျီးနီးယားပြည်နယ် လစ်တယ်ကရိခ်မြို့တွင် အခြေစိုက်သည့် စစ်သင်္ဘောဖြစ်သည်။ ယင်းသင်္ဘောသည် မူးယစ်ဆေးဝါး မှောင်ခိုများကို တိုက်ခိုက်ရန် ဂါနာရေတပ်နှင့် ခြောက်လကြာ စစ်ရေးလေ့ကျင့်မည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်တွင် ကျင်းပသည့်ခရီးသွားအလှမယ်ပြိုင်ပွဲ၌ ဆုရရှိသူများကို ဇန်နဝါရီ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နယူးဇီလန်နိုင်ငံ ဝါနာကာဒေသ၌ ပြုလုပ်သော လေထီးခုန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူတစ်ဦးကို ဇန်နဝါရီ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စစ်သွေးကြွလက်ချက်ဖြင့် အိန္ဒိယမြောက်ပိုင်း၌ ရဲခုနစ်ဦးသေဆုံး

လပ်ကနောင်း(အိန္ဒိယ) ဇန်နဝါရီ ၂

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ဇန်နဝါရီ ၁ရက်က ရဲစခန်းတစ်ခုတွင် နှစ်သစ်ကူးပွဲ ကျင်းပနေစဉ် အစ္စလမ္မစ် စစ်သွေးကြွများက ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးကြောင်း အာဏာပိုင်များက ပြောကြားသည်။ အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီအရှေ့ပိုင်း ကီလိုမီတာ ၂၀၀အကွာ ဥတ္တရပရာဒေ့ရှ်ပြည်နယ် ရမ်ပါမြို့တွင် အရုဏ်တက်ချိန် မတိုင်မီ အဆိုပါပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦး သေဆုံးခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် မည်သူ၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားမှုမရှိပေ။

လက်နက်ကိုင်များသည် ရဲဌာနကို စက်သေနတ်များဖြင့် မပစ်ခတ်မီ အစောင့်ကို ဦးစွာပစ်သတ်ခဲ့ကြောင်း ပြည်နယ်လုံခြုံရေး တာဝန်ရှိသူ ဂျေအင်ချမ်ဘာက ပြောကြားသည်။ ရဲကပြန်လည်ပစ်ခတ်၍ စစ်သွေးကြွများ ထွက်ပြေးသွားကြောင်း၊ တစ်ဦးဒဏ်ရာရရှိသွားသည်ဟု ယူဆရကြောင်း ၎င်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အက်ဖ်အေ၊ ကားလင်းနှင့် ပရီမီယာလိဂ် သတင်းများ

ဇာနည်ဦး

ရန်ကုန် ဇန်နဝါရီ ၃

အက်ဖ်အေဖလားပွဲ

အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်ဖလား (FA Cup Round 3) ပွဲစဉ်များကို ဇန်နဝါရီ ၅ရက်နှင့် ၆ရက်တို့၌ ကျင်းပမည်ဖြစ်ရာ မန်ချက်စတာယူနိုက်တက်နှင့် အက်စ်တန်ဗီလာ၊ ဘလက်ဘန်းနှင့် ကိုဗင်ထရီ၊ ဘော်လ်တန်နှင့် ရှက်ဖီး၊ ဘရက်စတိုနှင့် မစ်ဒယ်ဘရော့၊ ချယ်လ်ဆီးနှင့် ကျူပီအာရ်၊ အဲဗာတန်နှင့် အိုးလ်ဟမ်၊ အစ်ဝစ်ချ်နှင့် ပို့စ်မောက်၊ ဝီဂန်နှင့်ဆန်းဒါးလန်း၊ တော့တင်ဟမ်နှင့်ရီးဒင်း၊ ဝက်စ်ဟမ်းနှင့် မန်ချက်စတာစီးတီး၊ ဘန်လီနှင့် အာဆင်နယ်၊ ဖူလ်ဟမ်နှင့်ဘရစ္စတို၊ လူတန်နှင့်လီဗာပူး၊ စတုတ်နှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ကားလင်းဆီမီးဖိုင်နယ်

ထို့အတူ ကားလင်းဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇန်နဝါရီ ၈ ရက်နှင့် ၉ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၈ရက်တွင် ချယ်လ်ဆီးနှင့်အဲဗာတန်၊ ဇန်နဝါရီ ၉ရက်တွင် အာဆင်နယ်နှင့်တော့တင်ဟမ်တို့ ကစားကြမည်ဖြစ်သည်။ ချယ်လ်ဆီးနှင့် အာဆင်နယ် ဖိုင်နယ်တွင်တွေ့ဖို့ အခြေအနေများ နေသည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၁)

ပရီမီယာလိဂ်ပွဲစဉ်(၂၁)ကို ဇန်နဝါရီ ၁ရက်နှင့် ၂ရက်တို့က ကျင်းပခဲ့ရာ ချယ်လ်ဆီးက ဖူလ်ဟမ်ကို ၂-၁၊ ပို့စ်မောက်က ရီးဒင်းကို ၂-၀၊ မန်ချက်စတာယူနိုက်တက်က ဘာမင်ဂမ်ကို ၁-၀၊ အာဆင်နယ်က ဝက်စ်ဟမ်းကို ၂-၀၊ အဲဗာတန်က မစ်ဒယ်ဘရော့ကို ၂-၀၊ အက်စတန်ဗီလာက စပါးကို ၂-၁၊ မန်ချက်စတာစီးတီးက နယူးကာဆယ်ကို ၂-၀၊ ဘော်လ်တန်က ဒါဘီကို ၁-၀၊ ဘလက်ဘန်းက ဆန်းဒါးလန်းကို ၁-၀ တို့ဖြင့် အနိုင်ရကြပြီး လီဗာပူးနှင့်ဝီဂန်တို့ တစ်ဂိုးစီ သရေကျသွားသည်။

ပရီမီယာလိဂ် ပွဲစဉ်(၂၁)အပြီး ထိပ်ဆုံးအသင်း(၁၀)သင်း၏ ရပ်တည်မှုမှာ တစ်ဖက်ပါဇယားအတိုင်းဖြစ်သည်။

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	အာဆင်နယ်	၂၁	၁၅	၅	၁	၅၀
၂	မန်ယူ	၂၁	၁၅	၃	၃	၄၈
၃	ချယ်လ်ဆီး	၂၁	၁၃	၅	၃	၄၄
၄	မန်စီးတီး	၂၁	၁၁	၆	၄	၃၉
၅	လီဗာပူး	၂၀	၁၀	၈	၂	၃၈
၆	အဲဗာတန်	၂၁	၁၁	၃	၇	၃၆
၇	အက်စ်တန်ဗီလာ	၂၁	၁၀	၆	၅	၃၆
၈	ပို့စ်မောက်	၂၁	၉	၇	၅	၃၄
၉	ဘလက်ဘန်း	၂၁	၉	၆	၆	၃၃
၁၀	ဝက်ဟမ်း	၂၀	၈	၅	၇	၂၉

တိဗက်ဇ်ဒဏ်ရာရ

မန်ချက်စတာယူနိုက်တက်အသင်း၏ အားထားရသော တိုက်စစ်မှူး တိဗက်ဇ်သည် ပရီမီယာလိဂ်ပွဲစဉ်(၂၁)အဖြစ် ဘာမင်ဂမ်နှင့်ကစားသောပွဲတွင် ဘာမင်ဂမ်မှ ရစ်ချီဝဲလ်၏ ကြမ်းကြမ်းတမ်းတမ်း ဖျက်ထုတ်ခံရသဖြင့် ခြေကျင်းဝတ်ဒဏ်ရာ ရခဲ့ရာ ပွဲအပြီး၌ မန်ယူဆေးအဖွဲ့က ၎င်းကို ချီမသွားခဲ့ရသည်။

အပျော်ကြူး၍ ပေါင်တစ်သန်းဒဏ်ထိ

ပရီမီယာလိဂ်ချန်ပီယံ မန်ချက်စတာယူနိုက်တက်အသင်းသည် စိတ်ဓာတ်ရေးရာ၊ စည်းကမ်းပိုင်းတို့တွင် တင်းကျပ်မှုရှိပြီး မန်နေဂျာ ဖာဂူဆန်၏ ဩဇာကလည်း ကစားသမားများအပေါ် လွှမ်းမိုးကြီးစိုးသည်။ လက်ရှိပရီမီယာလိဂ်ပွဲအဖြစ် ပြိုင်ဘက်လီဗာပူးကို အနိုင်ရပြီးနောက် ကျင်းပသည့် ပါတီပွဲ၌ ကစားသမားများပြဿနာတက်ကြသဖြင့် ဖာဂူဆန် အကြီးအကျယ်ဒေါသူပုန်ထကာ နောင်စည်းကမ်းဖောက်သူများကို အသင်းမှ ရောင်းထုတ်ပစ်မည်ဟူ၍ ကြိမ်းမောင်းခဲ့သည်။ အဆိုပါ အပျော်ကြူးသောပါတီပွဲပြဿနာကြောင့် ဘောလုံးသမားများကို ဒဏ်ကြေးငွေများ တပ်ရိုက်ခဲ့ရာ ဒဏ်ကြေးပေါင်တစ်သန်း ရရှိသည်ဟု ဆိုသည်။

ချယ်လ်ဆီးနှင့် အာဆင်နယ် ပရီမီယာလိဂ် ယှဉ်ပြိုင်မှု ထိခိုက်နိုင်

လန်ဒန် ဇန်နဝါရီ ၃

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲအတွက် အာဖရိကနွယ်ဖွား ဘောလုံးသမားများကို ကလပ်အသင်းမှ စေလွှတ်ပေးရမည်ဖြစ်ရာ ချယ်လ်ဆီးနှင့် အာဆင်နယ်အသင်းများသည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၌ ယှဉ်ပြိုင်မှု ထိခိုက်နိုင်ကြောင်း ယနေ့ မီဒီယာသတင်းများတွင် ဖော်ပြသည်။

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၀မှ ဖေဖော်ဝါရီ ၁၀ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ဆုဖလားရရှိနိုင်ရန် အကြိတ်အနယ် ယှဉ်ပြိုင်နေကြသော အသင်းသုံးသင်းအနက် အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းတို့သည် အာဖရိကနွယ်ဖွား ဘောလုံးသမားများကို လက်ရွေးစင်အသင်း၌ ကစားရန်အတွက် စေလွှတ်ပေးရမည်ဖြစ်သည်။

အာဆင်နယ်အသင်းမှ ကိုလိုချာနှင့် အီမင်နူယယ်အီတိုးတို့သည် အိုင်ဗရီကို့စ်အသင်းမှ ပါဝင်ကစားကြမည်ဖြစ်ပြီး အလက်ဇန္ဒာဆောင်းမှာ ကင်မရွန်းအသင်းမှ ကစားမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းမှ ကာလူးနှင့် ဒစ်ဒီယာဒရော့ဘာတို့သည် အိုင်ဗရီကိုစ့်အသင်းတွင် ပါဝင်ကစားမည်ဖြစ်ပြီး နိုင်ဂျီးရီးယားကွင်းလယ်ကစားသမား ဂျွန်ဘိုမီမီခေးလ်၊ ဂါနာကွင်းလယ်ကစားသမား မိုက်ကယ်အက်စီယန် တို့သည်လည်း လက်ရွေးစင်အသင်းတာဝန်များ ထမ်းရွက်ကြရမည်ဖြစ်သည်။ ***အင်တာနက်***

ဇန်နဝါရီ ၂ ရက်က အန်ဖီးလ်ကွင်းတွင် လီဗာပူးအသင်းမှ စတီဗင်ဂျာရတ်(ဝဲ)နှင့် ဝီဂန်အသင်းမှ အန်တိုနီယိုဗယ်လင်စီယာတို့ ဘောလုံးယှဉ်လုကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘာဘာတော့ဗ်အသင်းပြောင်းမည်ဆိုမှု စပါးစ်အသင်းနည်းပြ ရာမို့စ် ငြင်းဆို

လန်ဒန် ဇန်နဝါရီ ၃

တိုက်စစ်မှူး ဒီမစ်တာဘာဘာတော့ဗ်အား ဇန်နဝါရီလ အသင်းပြောင်းရွှေ့မှုကာလအတွင်း ရောင်းချမည်ဆိုသော ပြောဆိုချက်များမှာ မှန်ကန်ခြင်းမရှိကြောင်း စပါးစ်အသင်း၏နည်းပြ ယွန်ဒီရာမို့စ်က ယနေ့ပြောကြားသည်။

ဘာဘာတော့ဗ်သည် မိမိတို့အသင်းတွင် ကန်ထရိုက်စာချုပ်သက်တမ်း မကုန်ဆုံးသေးကြောင်း ရာမို့စ်က ပြောကြားသည်။

အသက်(၂၆)နှစ်ရှိ တိုက်စစ်မှူး ဘာဘာတော့ဗ်အား ခေါ်ယူရန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အာဆင်နယ်အသင်းတို့ ဆွေးနွေးလျက်ရှိသည်ဟု သတင်းများပေါ်ထွက်ခဲ့သည်။ ၎င်းသည် ၂၀၀၆ခုနှစ် ဇူလိုင်လတွင် စပါးစ်အသင်းသို့ ရောက်ရှိခဲ့သည်။ ***အင်တာနက်***

The LIVE NEWS ဂျာနယ် အမှတ်(၆၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံးဖော်ပြထုတ် ဝေလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၆၆)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

သွေးခင်းသော နိုင်ငံရေးယဇ်ပလ္လင်ထက် အသက်စတေးလိုက်ရသော ဘနာဇီဘူတို၊ ထိုင်းရွေးကောက်ပွဲ ပြီးသော်လည်း မောင်ကြီး မပြန်နိုင်သေးသည့်သက်ဆင်၊ တောင်ကိုရီးယားသမ္မတအသစ်နှင့် အဟောင်းကြားမှ နိုင်ငံရေးကစားပွဲ၊ အလုပ်ထက် အပျော်ကိုရှေ့ကထားနေတဲ့ ပြင်သစ်သမ္မတ၊ တရုတ်နှင့်ဂျပန်တို့၏ တစ်ကြောင်းတည်းသော ပြန်လည်ပေါင်းစည်းညီညွတ်ရေးလမ်းကြောင်းပေါ်သို့၊ တိုင်ကြားမှုပေါင်း(၁၀၅)မျိုးတွင် မြန်မာသဘော်သားများ စာချုပ်ပါအချက်အလက်များကို သေချာစွာမဖတ်ခြင်းနှင့် နားမလည်ခြင်းတို့ အများဆုံးပါဝင်၊ အခြေမချပြည်ဝင် ခွင့်ဗီဇာလျှောက်လွှာကြေး ကန်ဒေါ်လာ ၃၁ဒေါ်လာ တိုးမြှင့်ကောက်ခံမည်၊ ခရီးသည်တင် Hilux ကားပေါ်၌ ပန်းထိမ်ဆရာတစ်ဦး ရတနာပစ္စည်း ၂၇သိန်းကျော်ဖိုး ခါးပိုက်နှိုက်ခံရ၊ ကိုရီးယား- မြန်မာ ကဗျာချစ်ကြည်ရေး၊ မဟူရာထဲကစိန်နှင့် ညစာစားပွဲ၊ လမ်းပေါ်ကအတွေးများ-၆(ရပ်ချင်သလိုရပ်သော ကားများ)၊ ဝါးတန်းကြီးမှသည် ဝါးတန်းလမ်းသို့ (Keighly)၊ တက္ကစီမင်းနှင့် မိဘဂုဏ်တော်ကျေးဇူး၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဦးကို၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ အာရှမိုး၊ မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော်(ဓီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ဆက်သွယ်နိုင်

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း- ၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အီရန်လက်ရွေးစင်အသင်း နည်းပြသစ်ခန့်အပ်

တီဟီရန် ဇန်နဝါရီ ၃

၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကို ဖေဖော်ဝါရီလတွင် စတင်ကျင်းပရန်ရှိနေစဉ် အီရန်လက်ရွေးစင်အသင်းအတွက် နည်းပြအဖြစ် ပေါ်တူဂီလူမျိုး အာသာဂျော့ဂျ်အား ခန့်အပ်လိုက်ကြောင်း အိုင်အာရ်အင်အေသတင်းဌာနက ယနေ့ သတင်းထုတ်ပြန်သည်။



အီရန် လက်ရွေးစင်အသင်း၏ နည်းပြသစ် အာသာဂျော့ဂျ်။
(ဓာတ်ပုံ-အင်တာနက်)

လွန်ခဲ့သည့်နှစ် ဇူလိုင်လက အာရှဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် တောင်ကိုရီးယားအသင်းကို ရှုံးနိမ့်ခဲ့ရပြီးနောက် အီရန်အသင်းမှ နည်းပြ အေမီယာဂါလီနို နုတ်ထွက်သွားခဲ့သည်။

အသက်(၆၁)နှစ်ရှိ ဂျော့ဂျ်သည် ဆွစ်ဇာလန်နှင့် ပေါ်တူဂီအသင်းတို့ကို တာဝန်ယူခဲ့သူဖြစ်သည်။ ၎င်းသည် ၂၀၀၆ခုနှစ် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် ကင်မရွန်းအသင်း ရှုံးနိမ့်ခဲ့ရပြီးနောက် ယင်းအသင်း၏ နည်းပြရာထူးမှ နုတ်ထွက်ခဲ့သည်။ ***အင်တာနက်***

မော်တော်ယာဉ် မီးလောင်မှုသတိပြု

မော်တော်ယာဉ်များအသုံးပြုရာတွင် မောင်းနေစဉ်နှင့် ရပ်ထားစဉ် ဝါယာရှော့ဖြစ်ခြင်း၊ ကားမောင်းလာစဉ် ဘက်ထရီငုတ်မှ ဝါယာရှော့ဖြစ်ခြင်း၊ ကားဂက်(စ်)အိုးအဝင်ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိ၍ မီးလောင်ခြင်း၊ စက်နှိုးထားစဉ် ဆီထည့်ခြင်း၊ ကာပရိုက်တာဆီလျှံခြင်း၊ ကားခေါင်းခန်းအတွင်း ခြင်ဆေးခွေထွန်းခြင်း၊ ပူပြင်းသော ရာသီကာလနေ့လယ်ပိုင်းတွင် ပလတ်စတစ်ပုံးဖြင့် ဆီဖလှယ်ခြင်း၊ ညအချိန်ကားပြင်နေစဉ် ဖယောင်းတိုင်မီးဖြင့်ကြည့်ရှုခြင်း၊ ဆီထည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းနှင့် မီးပွားထွက်နိုင်သည့်နေရာများတွင် ဆီထည့်ခြင်းတို့ကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ကာ မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် ဖော်ပြပါအချက်အလက်များမဖြစ်ပေါ်စေရေးအတွက် သတိပြုရှောင်ကြဉ်ကြရန်၊ မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူငြိမ်းသတ်နိုင်သော ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး (Dry Chemical Powder)အား မော်တော်ယာဉ်တိုင်းတွင် အသင့်ဆောင်ထားသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။ **မီးသတ်ဦးစီးဌာန**

ဒေါပုံမြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်း ကျောင်း ၂၀၀၆ - ၂၀၀၇ ပညာသင်နှစ်မိဘ ဆရာ အသင်း နှစ် ပတ် လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကိုဇန်နဝါရီ ၃ရက်က ကျင်းပရာ ပထမတန်းတွင် ပထမဆုရ မောင်ဖြိုးဝေကျော်အား ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်း ဆုချီးမြှင့်စဉ်။(ပညာရေး)

ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူခြင်း

အ-ထ-က(၂)ဗဟန်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် **မြန်မာတစ်နိုင်ငံလုံး၌ ဆင့်မအဆင့် ရရှိသော မရတီမောင်မောင်မြင့် (ဆဗဟ-၂၉၇)**

(၆) ဘာသာဂုဏ်ထူးရှင် = ၅ ဦး
(၅) ဘာသာဂုဏ်ထူးရှင် = ၁၈ ဦး
(၄) ဘာသာဂုဏ်ထူးရှင် = ၂၂ ဦး
(၃) ဘာသာဂုဏ်ထူးရှင် = ၃၉ ဦး
(၂) ဘာသာဂုဏ်ထူးရှင် = ၃၂ ဦး
(၁) ဘာသာဂုဏ်ထူးရှင် = ၅၁ ဦး

အောင်ချက် ၇၆ ဒသမ ၅၁ ရာခိုင်နှုန်းဖြင့် ထူးချွန်စွာအောင်မြင်စေရန် ညွှန်ကြားပြသပေးသော **ကျောင်းအုပ်ဆရာမကြီးဒေါ်တင်ဦးရည်နှင့် Grade-6 မှ Grade-11** ထိတာဝန်ယူသင်ကြားပြသပေးလျက်ရှိသော **ဆရာ၊ ဆရာမများအား** ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းမှ အထူးကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ပြုပါကြောင်း။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်း
အ-ထ-က (၂) ဗဟန်း

ရန်ကုန်မြို့၊ ကမ္ဘာအေး ရေကူးဘူတာအနီး

စံရာအောင်မြေ ပဲခွယ်ကုန်း မဟာစည်သာသနာ့ရိပ်သာ

တည်ဆောက်ရေး နှိုးဆော်လွှာ

ပဲခွယ်ကုန်းမြို့၊ မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက၊ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ နာယက၊ မဟာစည်နာယက ပဲခွယ်ကုန်းဆရာတော် ဘဒ္ဒန္တစန္ဒာဝရ (မဟာကမ္မဋ္ဌာနာစရိယ) ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်-၈ ရပ်ကွက်၊ ရေကူးဘူတာအနီးရှိ စံရာအောင်မြေ ပဲခွယ်ကုန်းမဟာစည်သာသနာ့ရိပ်သာ တည်ဆောက်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါ၍ လှူဒါန်းလိုသူများသည် အောက်ပါဌာနများသို့ ဆက်သွယ်လှူဒါန်း၍ ကုသိုလ်ပါဝင်တော်မူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

	ဆက်သွယ်လှူဒါန်းရန် ဌာနများ	ဖုန်း
၁။	စံရာအောင်မြေ၊ ပဲခွယ်ကုန်း မဟာစည်သာသနာ့ရိပ်သာ။	
၂။	သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ၊ ကျောက်ကုန်း။	၅၆၄၃၁၅
၃။	ပဲခွယ်ကုန်း မဟာစည်ရိပ်သာ။	၀၅၄-၅၅၀၂၇
၄။	ဦးမောင်ဦး+ဒေါ်လှလှ၊ ကုလ္လာသာယသစ်သီးပွဲရုံ။	၂၁၂၅၄၅၊ ၅၀၈၃၄၈
၅။	ဦးစိုင်းဆိုဆင်+ဒေါ်နန်းခမ်းယုန်၊ ကျောက်မြောင်း။	၅၄၀၉၁၅
၆။	ကိုစိုးသူရ+မမိုးစန္ဒာ၊ ကျောက်မြောင်း။	၀၉-၅၀၁ ၀၅၀၆
၇။	ကိုဇော်မင်းထူး+မခင်သန္တာအောင်	၀၉-၅၁၈ ၂၉၀၀
	(လှ – စာရေးကိရိယာ၊ ညောင်ပင်လေးဈေး)	၅၅၃၆၄၄ Ext:၂၉၀

(၂၆)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးမျိုးဝင်း** နှင့် ချစ်မေမေ **ဒေါ်တင်တင်** တို့၏ ၄-၁-၂၀၀၈ တွင် ကျရောက်သော (၂၆)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ရွှေရတု၊ စိန်ရတုတိုင် ချစ်သားတို့နှင့်အတူ ကျန်းမာပျော်ရွှင်၍ သာသနာ့အကျိုး သယ်ပိုးရင်း ချမ်းမြေ့သောဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်-

ချစ်သားကြီး-ဇာနည်မျိုးဝင်း B.E(Mechanical)Q
ချစ်သားငယ်-ဖြိုးဝေမျိုးဝင်း AGTI (MC),B.Sc(Phys)
3rd Food Technology,Dip of C.N.C

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

(၃၃)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

ဒေါက်တာမောင်မောင်မြင့်နှင့် **ဒေါက်တာသန်းသန်းနွယ်** တို့၏ (၄-၁-၂၀၀၈) ရက်တွင် ကျရောက်သော ပုလဲရတုမင်္ဂလာရက်မြတ်ကျော်မှသည် ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတု များစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့ ဆင်နွှဲနိုင်ကြပြီး သာသနာ့အကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ကြပါစေ-

ချစ်အစ်ကိုကြီး – ဦးမောင်မောင်(B.A; R.A; R.L; DMA) CPA/တရားရုံးချုပ်ရှေ့နေ)-ဒေါ်ခင်သန်း
ချစ်မမကြီး – ဗိုလ်မှူးကျော်ညိမ်း(ငြိမ်း)-ဒေါ်တင်တင်ဦး
ချစ်မမလေး – ဘကြီးသောင်း-ဒေါ်စန်းရီ

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ တက္ကသိုလ်လမ်းနေ
(ဦးအုန်းလှိုင်)ကုန်သွယ်/လယ်ယာ(ငြိမ်း)-ဒေါ်ယဉ်ကြည်တို့၏ သားငယ်၊
မြန်အောင်မြို့နယ်၊ အင်ပင်မြို့နေ ဒေါ်ဝင်းကြည်၏ တူ၊ ဗိုလ်မှူးကျော်စံဦး၏ ညီ
မောင်သောင်းထိုက်ဦး(ခ)ဘိုဘို B.Tech(Mechanical)
Sonde Maintenance Technician, Schlumberger Logelco Inc, Myanmar
နှင့်
ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာနေ ဦးစိုးမြင့်ဝင်း-ဒေါ်စိန်စိန်ငွေး တို့၏ တစ်ဦးတည်းသောသမီး၊ ဦးဝင်းနိုင် Electrician-Karlogs Shipping (Greece)၏ တူမ
ဒေါက်တာငွေးနွယ်နွယ်စိုး M.B.,B.S (Ygn)
တို့သည် ၂၆-၁၂-၂၀၀၇ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ ဓေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သောင်းထိုက်ဦး-ဒေါက်တာငွေးနွယ်နွယ်စိုး

EC (၁၀) နှစ်ပြည့် အခမ်းအနားနှင့် ဆုနှင်းသဘင် ဖိတ်ကြားခြင်း

၂၀၀၆-၂၀၀၇ မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး TOP-TEN စာရင်းဝင် (၁)ဦး၊

ဘာသာစုံဂုဏ်ထူးရှင် (၂)ဦး အပါအဝင် ဂုဏ်ထူးရှင်များအား

ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားနှင့် EC (၁၀)နှစ်ပြည့် အခမ်းအနားကို

SEDONA HOTEL POOL SIDE တွင်

(၁၃-၁-၂၀၀၈)ရက်နေ့ ညနေ (၆)နာရီမှ (၈)နာရီအထိ

ဂုဏ်ပြုညစာစားပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ဂုဏ်သရေရှိလူကြီးမိဘများ၊

ဆုရကျောင်းသား /သူများ၊ ကျောင်းသား/သူဟောင်းများအားလုံး

ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၆(က)၊ နတ်မောက်လမ်း၊ (ကန်တော်ကြီးကန်ပတ်လမ်း)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၅၄၈၉၄၀၊ ၅၄၅၃၉၄၊ ၅၄၁၉၃၅၊ ၀၉ ၅၀၀ ၉၄၈၀၊ ၀၉ ၅၁၄ ၂၅၉၉

(၃၀) နှစ်မြောက် ပုလဲရတု မင်္ဂလာဆုမွန်လွှာ

ချစ်ဘာဘား ဦးနီမာနန္ဒာ (ခ) ဦးမောင်မောင်နှင့် ချစ်အာမား ဒေါ်တင်တင်အောင် (ကြယ်မင်း နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ချိရေး) တို့၏ (၄-၁-၂၀၀၈)ရက်တွင် ကျရောက်သော နှစ် (၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာပျော်ရွှင်အောင်မြင်စွာဖြင့် ဘဝခရီးလမ်း လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းမေတ္တာပို့သလျက်····

ချစ်သား၊
ချစ်သမီး နှင့်
ချစ်မြေးများ

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ဇော်မင်းသန့်၏နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/မဂတ(နိုင်)၀၈၂၃၄]နှင့် ယာဉ်မောင်းလိုင်စင်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ကိုဇော်မင်းသန့်၊ ဖုန်း-၅၁၉၆၉၅၊ ၅၁၉၇၂၁

ဖြူးမြို့ အထက(၂) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃

ဖြူးမြို့ အထက(၂) ယခင် အုတ်ဖြတ်လမ်း အလယ်တန်းကျောင်း၌ ၁၉၅၂ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ပညာသင်ကြားပေး၍ အငြိမ်းစား ယူသွားကြသော သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၉ရက် (စနေနေ့) နံနက် ၈နာရီတွင် အထက်ပါကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ အားလုံးနှင့် ပညာသင်ကြားဆဲ ကျောင်းသား၊ ကျောင်းသူများ အားလုံး တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားထားသည်။

(က-ပ)

လှူမှုဝန်ထမ်း ဦးစီးဌာန ရင်သွေးရတနာ မူလတန်းကြိုကျောင်း၏ ၂၀၀၇ခုနှစ် ကာယစွမ်းရည်ပြိုင်ပွဲ၌ အငယ်ဆင့် ရိုးရိုးပြေးပြိုင်ပွဲတွင် ပထမဆု ရရှိသော "စီ"တန်းမှ မောင်တင်ထက်နိုင်လင်းအား ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဆုချီးမြှင့်စဉ်။

(လူမှုဝန်ထမ်း)

ဇန်နဝါရီ ၃ ရက်က ကျင်းပသော သဃ်န်းကျွန်းမြို့နယ် အမှတ်(၂၈) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား၌ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပထမတန်း ပညာရည်ချွန်ဆုရ မဖူးငုံဆင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်မော်သင်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ မလေးရှားနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒါတိုမက်ဇ်လန်ဘင်မိုဟာမက်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒါတိုမက်ဇ်လန်ဘင်မိုဟာမက် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပညာရေးကဏ္ဍ၏ လုပ်ငန်းရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်း ကျောင်းသားလူငယ်များကို အရည်အသွေး၊ စိတ်ဓာတ်၊ ကျွမ်းကျင်မှုတို့ ဘက်စုံ ကဏ္ဍစုံတွင် ပြည့်ပြည့်စုံစုံ ဖြစ်ထွန်းအောင် လေ့ကျင့်ပျိုးထောင်ပေးနေ

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ဒသမတန်း ဘက်စုံပညာထူးချွန်ဆု ရရှိသော ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၃

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ကျင်းပသည့် ပညာရေးဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱**

ကြေးမုံ The Mirror နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု

"မြန်မာနိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စုတွေ စုပေါင်းနေထိုင်ကြတဲ့ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုတွေ စည်းလုံးညီညွတ်မှုမပြိုကွဲဖို့၊ အရေးကြီးရင် သွေးနီးဖို့၊ အရေးကြုံရင် သွေးဆုံဖို့ဆိုတဲ့ အချက်တွေဟာ နယ်ချဲ့တွေ ကြားဝင်သပ်လျှိုသွေးမခွဲနိုင်ဖို့အတွက် အရေးပါတဲ့ 'အား'တွေပဲ ဖြစ်ပါတယ်"

☆ မြင့်ဝေလှိုင်၏ **"လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏ အရသာ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ပါ"**

(ဆောင်းပါး) အထူးထုတ်စာမျက်နှာ(ဃ)

☆ မြင်းမူမောင်နိုင်မိုး၏ **"လွတ်လပ်ရေးအသိ၊ လွတ်လပ်ရေးသတိ"** (ကဗျာ) အထူးထုတ်စာမျက်နှာ(ဂ)

လွတ်လပ်ရေးနေ့အထူးထုတ် ရောင်စုံ (၄) မျက်နှာ ပါရှိ

ယနေ့ထုတ် သတင်းစာတွင် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု အထူးထုတ် ရောင်စုံစာမျက်နှာ (၄)မျက်နှာ ပါရှိပါသည်။

ထူးခြားသည့် ညအပူချိန်များ

၃-၁-၂၀၀၈

ဟားခါး နှင့် လွိုင်လင်

(၀) ဒီဂရီစင်တီဂရိတ်

နမ့်စန် နှင့် ဟဲဟိုး

(၄) ဒီဂရီစင်တီဂရိတ်